..... မာတိကာ .....

- စကားချီး
- နိဒါန်း

၁။ ဆော့ခရတ္တိ၏ ဝါသနာ ... ၃၉
၂။ ဆော့ခရတ္တိ၏ ဝမ်းဆွဲဥပမာ (၀၊) ဆော့ခရတ္တိနည်း ... ၅၃
၃။ ဆော့ခရတ္တိ၏ သူရသတ္တိ အယူအဆ ... ၇၅
၄။ ဆော့ခရတ္တိ၏ စောင့်စည်းမှု သံယမ အယူအဆ ... ၁၀၁
၅။ ဆော့ခရတ္တိ၏ အဆွေခင်ပွန်း အယူအဆ (က) ... ၁၂၃
၆။ ဆော့ခရတ္တိ၏ အဆွေခင်ပွန်း အယူအဆ (ခ) ... ၁၄၁
၇။ ဆော့ခရတ္တိ၏ ကဗျာသဘော အယူအဆ ... ၁၅၅
၈။ ဆော့ခရတ္တိ၏ ဝစနာလင်္ကာရ အယူအဆ ... ၁၆၇
၉။ ဆော့ခရတ္တိ၏ အကြိုက်နှင့် အကောင်း အယူအဆ ... ၁၈၇
၁၀။ ဆော့ခရတ္တိ၏ ဂုဏ်သိက္ခာ အယူအဆ (က) ... ၂၀၉
၁၁။ ဆော့ခရတ္တိ၏ ပညာသင်ကြားမှု အယူအဆ ... ၂၄၁
၁၂။ ဆော့ခရတ္တိ၏ ဂုဏ်သိက္ခာ အယူအဆ (ခ) ... ၂၆၉
၁၃။ ဆော့ခရတ္တိ၏ ဂုဏ်သိက္ခာ အယူအဆ (၀) ... ၂၈၃
၁၄။ ဆော့ခရတ္တိ၏ ဂုဏ်သိက္ခာ အယူအဆ (ဃ) ... ၂၉၉
၁၅။ ဆော့ခရတ္တိ၏ မေတ္တာ အယူအဆ (က) ... ၃၁၉
၁၆။ ဆော့ခရတ္တိ၏ မေတ္တာ အယူအဆ (ခ) ... ၃၃၃
၁၇။ ဆော့ခရတ္တိ၏ မေတ္တာ အယူအဆ (၀) ... ၃၄၇
၁၈။ ဆော့ခရတ္တိ၏ သူကြွယ်အိမ် ... ၃၆၅
၁၉။ ဆော့ခရတ္တိ၏ ပညာရှိသဘော အယူအဆ (က) ... ၃၇၇
၂၀။ ဆော့ခရတ္တိ၏ မှက်ရဲဘမာ ... ၃၉၃
၂၁။ ဆော့ခရတ္တိ၏ လူဖြစ်ကျိုးမနှပ်တရား ... ၄၀၅
၂၂။ ဆော့ခရတ္တိ၏ အရပ်ထင်မြင်ချက် အယူအဆ ... ၄၁၅
၂၃။ ဆော့ခရတ္တိ၏ နိုင်ငံသားကောင်းသဘော အယူအဆ ... ၄၃၅
၂၄။ ဆော့ခရတ္တိ၏ ဘဝနိုဂုံး ... ၄၅၉
- ကျမ်းကိုးစာရင်း
- နောက်ဆက်တွဲ

❐

စကားချီး

ပလေးတိုးနိဒါန်းသည် ရေးခေတ် ဂရိဒဿနိကဆရာ ပလေးတိုးရေးခဲ့သော ဖီဒရ (Phaedrus) ကထာ၊ သီတိတ (Theaetetus) ကထာ၊ အိုင်အုန္ဒ (Ion) ကထာ၊ လက်ခီ (Laches) ကထာ၊ ခါမိဒီ (Charmides) ကထာ၊ လိုင်စီ (Lysis) ကထာ၊ ဂေါ့ဂျီယ (Gorgias) ကထာ၊ မီနို (Meno) ကထာ၊ စာပွဲသဘင် (Symposium) ကထာ၊ သမ္မတနိုင်ငံ (Re public) ကထာ၊ ချေပချက် (Apology) ကထာ၊ ခရီတော် (Crito) ကထာ၊ ဖီဒို (Phaedo) ကထာ စာတမ်း ၁၃ ပုဒ်မှ ကောက်နုတ်သော စာများကို မြန်မာဘာသာပြန် လျက် ၁၉၆၁ ခုနှစ်လောက်မှစ၍ မြန်မာစာ ဖတ်ပရိသတ် အတွက် မိတ်ဆက်သဘောအဖြစ်ဖြင့် ဒွေတာရီမဂ္ဂဇင်းမှ ဖော်ပြခဲ့သောစာစု ဖြစ်ပါသည်။ ဤစာစုတွင် ခရီတော်ကထာ နှင့် မီနိုကထာ နှစ်ပုဒ်သည် အစအဆုံး အပြည့်အစုံဖြစ်၍ ကျန်စာများသည် ကောက်နုတ်ချက်စာများ ဖြစ်သည်။

ကောက်နုတ်ချက်စာများကို ဖော်ပြရာတွင် စာပါ အကြောင်း အရာအလိုက် သင့်တော်သော အမည်ပေးမှု ဖော်ပြခဲ့ပါသည်။

ယခုအခါတွင် မဂ္ဂဇင်းမှာကဲ့သို့ စာပါအကြောင်းအရာအလိုက် အမည်ပေးထားသော်လည်း စာအုပ်နှင့်လေ့ကျင်သော ပြုပြင်ချက်များကို ပြုရပါသည်။ ထိုပြင် ပလေးတိုး၏ စာသဘောကို ကျန်ရစ်စွာ နားလည်နိုင်ကြအောင် ရေးခေတ် ဂရိနိုင်ငံနှင့် ရေးခေတ်ဂရိလူမျိုးတို့အကြောင်းကို နိဒါန်းအဖြစ်ဖြင့် အတန်အသင့် ဖော်ပြထားပါသည်။ စာဖတ်ပရိသတ်သည် ထိုနိဒါန်း ကို ရှေးဦးစာဖတ်လျှင် သင့်မည်ဟု ထင်မြင်ပါသည်။ ထိုပြင် ဤစာအုပ်၌ စာ ၂၄ ပုဒ်ကို အစီအစဉ်ပြရာတွင် ပညာရှင်များ လက်ခံထားကြသော ပလေးတိုး၏ ကထာစာတမ်းဆိုင်ရာ သတ္တရာဓိအလိုက် စီစဉ်ထားသည် မဟုတ်ပါ။ ဆော့ခရတ္တိ ၏ သဘာဝကို အလွယ်တကူ နားလည်စေလိုသော စေတနာ ဖြင့် စာပါအကြောင်းအရာအလိုက် စီစဉ်ထားခြင်းဖြစ်သည်။ ပုံစံကား 'ဆော့ခရတ္တိ၏ ဝါသနာ' ဆိုင်ရာ ဖီဒရကထာနှင့် 'ဆော့ခရတ္တိ၏ ဝမ်းဆွဲဥပမာ (၀၊) ဆော့ခရတ္တိနည်း' ဆိုင်ရာ သီတိတကထာတို့သည် ဤစာအုပ်တွင် အသုံးပြုထားသော အခြားကထာများကို ရေးပြီးမှ ပလေးတိုးက ရေးသော ကထာ များဖြစ်သည်ဟု ဆိုပါသည်။ သို့ရာတွင် ဆော့ခရတ္တိ စိတ်ဝင်စားသော ယေဘုယျအကြောင်းအရာကိုလည်းကောင်း၊ ဆော့ခရတ္တိ သုံးလေ့ရှိသော ယေဘုယျတွေးခေါ်ဆင်ခြင်နည်း ကိုလည်းကောင်း ရေးဦးစွာ သိစေလိုသဖြင့် ဤစာအုပ်၌ လက်ဦးဖော်ပြလိုက်ပါသည်။ ထို့နောက်မှာမှသာ ဆော့ခရတ္တိ ၏ အလေးအခေါ် အလွယ်အဂက်ကို ဆင်ခြင်၍ စီစဉ်ပါ သည်။ ထို့နောက် ခပ်စောစောပိုင်းကရေးသည်ဟု ယူဆကြ သော ဖီဒို့ကထာမှ 'ဆော့ခရတ္တိ၏ ဘာဝနိုဂုံး'ဖြင့် ပိတ်လိုက် ပါသည်။

ပလေးတိုး၏စာများကို မြန်မာပြန်ရာတွင် မူလဘာသာ ဖြစ်သော ရေးခေတ်ဂရိဘာသာမှ မြန်မာပြန်သည် မဟုတ်ပါ။ အင်္ဂလိပ်ဘာသာပြန်မှတစ်ဆင့် မြန်မာပြန်ခြင်း ဖြစ်သည်။ စင်စစ်မှာ မူလဘာသာမှ မြန်မာပြန်ခြင်းသည် အတိကျဆုံး၊ အကောင်းဆုံးဖြစ်၏ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် မူလဘာသာကို တတ်သည်အထိစောင့်ရလျှင် မြန်မာဘာသာ သို့ ပလေးတိုး၏စာများ ရောက်ဖို့အရေးသည် နေးကွေးရာ သည်။

ထို့ကြောင့် အင်္ဂလိပ်ဘာသာပြန်မှတစ်ဆင့် မြန်မာပြန်ရခြင်းဖြစ် သည်။ အင်္ဂလိပ်ဘာသာပြန်များသည်လည်း အလိုက်အထိုက် အတော်အတန် တိကျ၍ ပလေးတိုး၏ စကားပြေ အရေး အသားကို (၀၊) ရေးဟန်ကို အတော်အတန် ဆောင်နိုင်ကြ သည်ဟု ဆိုကြသဖြင့် အတန်ငယ် အားတက်မိသည်။ ထို့ကြောင့် ရေးဟန်အတွက် ပါမောက္ခဂျိုက် (Jowett) ၏ အင်္ဂလိပ်ဘာသာပြန်များကို ယေဘုယျအားဖြင့် လက်ရင်း ထားပါသည်။ တိကျမှုအတွက်မူ အခြားအခြားသော ပါမောက္ခများ၏ အင်္ဂလိပ်ဘာသာပြန်များနှင့် ညှိပါသည်။ အထူးသဖြင့် ဂရိဘာသာတစ်ဘက်၊ အင်္ဂလိပ်ဘာသာ တစ်ဘက် ပြန်ဆိုတင်ပြထားသော စာများ (Loeb Classical Library) နှင့် ညှိပါသည်။ ထိုပြင် ပါမောက္ခ အေ၊ အီး၊ တေလာ (A.E Taylor) ၏ ပလေးတိုး ၏ အဋ္ဌကထာ (Plato: The Man And His Work) ကျမ်းနှင့်လည်း ယေဘုယျအားဖြင့် ညှိပါသည်။ ဂရိအမည်နာမများကို မြန်မာ အသံလှယ်ရာတွင် အင်္ဂလိပ်အသံထွက် (English Pronouncing Dictionary By Daniel Joes) အဘိဓာန်ကို အခြေခံ၍ မြန်မာ့နားနှင့် အဝင်ချောအောင်၊ မြန်မာ့အာလျှာနှင့် သင့်အောင် မြန်မာ့အသံသို့ ဝဲ၍ အသံလှယ်ပါသည်။

ပလေးတိုးသည် ဥရောပယဉ်ကျေးမှုကို တည်ထောင်ခဲ့သော ရေးခေတ် ဂရိစာရေးဆရာကြီးတစ်ဦး ဖြစ်သည်ဟု ဆိုကြပါ သည်။ သူရေးသော အကြောင်းအရာသည် လူ့လောကစ၏ ကဲသုံးပါးအမှုအရာတို့နှင့် စပ်လျဉ်း၍ အမှားအမှန် အကောင်း အဆိုး ပြဿနာတို့ကို ဖွင့်ဆိုလမ်းပြသော ဒဿနိက ပညာရပ် ဖြစ်သည်။ ရေးရာတွင် ဉာဏ်ကိစ္စတို့ကို ထင်ရှားအောင်သာ မက ပြစာတ်ကောင်းကို ဖတ်ရသကဲ့သို့ နှစ်သက်ဖွယ် ဖြစ်အောင်လည်း ရေးတတ်သည်။ ယခုရွေးချယ်ထားသော စာများသည် လောကကို စောင့်တတ်သော အကျင့်စရိုက် ကောင်း၊ လောကကို ဖျက်ဆီးတတ်သော အကျင့်စရိုက်ဆိုး တို့ကို ဖွင့်ဆိုသော စာများဖြစ်ရာ ထိုစာများသည် ဉာဏ်ပွားရာ ပွားကြောင်း ဖြစ်ကောင်း၏။ မှတ်ယူမိသည်။ ယုတ်စွအဆုံး ကိုယ့်စိတ်ကို ကိုယ်ပြန်မြင်၍ ခြေရာကောက်တတ်စရာ အကြောင်းရှိသည်ဟု မှတ်ယူမိသည်။ ဤအမှတ်အယူဖြင့် ထိုစာများကို မြန်မာပြန်ခြင်း ဖြစ်ပါသည်။

ထိုမြန်မာပြန်များကို ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဒဿနိက ပါမောက္ခဦးခင်မောင်ဝင်းက ဖတ်ရှုစစ်ဆေးပေး ပါသဖြင့် ကျေးဇူးတင်ပါသည်။ အထူးသဖြင့် 'ချေပချက်' ကထာဆိုင်ရာ ကောက်နုတ်ချက်များကို လည်းကောင်း၊ 'ခရီတော်' နှင့် 'မီနို' ကထာနှစ်ပုဒ်ကိုလည်းကောင်း၊ 'စာပွဲသဘင်' ကထာဆိုင်ရာ ကောက်နုတ်ချက်များကို လည်းကောင်း၊ 'ခါမိဒီ' ကထာဆိုင်ရာ ကောက်နုတ်ချက်များ ကိုလည်းကောင်း၊ 'လက်ခီ' ကထာဆိုင်ရာ ကောက်နုတ်ချက် များကိုလည်းကောင်း ဖတ်ရှုစစ်ဆေး၍ အကြံဉာဏ်ပေးပါ သည်။ သို့ရာတွင် မြန်မာပြန်များ၌ အချွတ်အချော် အတိမ်း အယိမ်း ရှိနေသေးပါက မြန်မာပြန်သူ၌သာ တာဝန်ရှိသည်ဟု ယူကြစေလိုပါသည်။ အာယယ်ကြောင့်ဆိုသော် ထိုစာများကို ဘာသာပြန်သည့်ကိစ္စ၌ တစ်ထပ်ဖြင့် သန့်စင်နိုင်ခြင်းမရှိ။ အထပ်ထပ်ဖြင့်သာ သန့်စင်နိုင်ခြင်းရှိမည် ဖြစ်သောကြောင့် ပင်။ ထို့နောက် ဤစာအုပ် ဖြစ်မြောက်လာရေးအတွက် အစစအရာရာ၌ စေတနာထက်ထက်သန်သန်ဖြင့် ကူညီကြ သော စာရေးဆရာမင်းယုဝေနှင့် တနင်္သာရီမောင်ချစ်စံတို့ကို လည်းကောင်း၊ 'စိန်ပန်းဖြိုင်' မောင်ချစ်ဝေကိုလည်းကောင်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုက်ပါသည်။

ဓော်ဂျီ

၁၉۷၇ ခုနှစ်၊ စက်တင်ဘာလ။

❐